# ကောက်နုတ်ထားသော သတင်းခေါင်းစဉ်များ

(No, 48.November 29, 2019)

၁။ မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံတော်သမ္မတနှင့် အတိုင်ပင်ခံတို့ နိုင်ငံတော် အဆောင်အယောင်တို့ဖြင့် မဲဆွယ်နိုင်

၂။ မွန်ပြည်သစ်တပ်တည်စခန်းကို တပ်မတော်မှ အင်အားအလုံးအရင်းဖြင့်ဝင်ရောက်လာခြင်းသည် NCA စာချုပ် ချိုးဖောက်သည်ဟု မွန်ပြည်သစ်ပါတီပြော

၃။ နမ့်ဆန်မြို့နယ် စစ်ရှောင် ပြည်သူများ စားနိုပ်ရိက္ခာပြတ်လပ်မှု ရင်ဆိုင်နေရ

၄။ သစ်သျှူးငှက်ပျောခြံသုံး ပိုးသတ်ဆေးကြောင့် ချောင်းရေအတွင်း ငါးများ စုပြုံသေဆုံးနေ

၅။ ဘားအံ ဒေါ်အောင်ဆန်းစုကြည် ထောက်ခံပွဲအတွက် စစ်ဗိုလ်ချုပ် ၃ ဦးနှင့် ဓာတ်ပုံကို ပိုစတာအဖြစ် စတင်အသုံးပြု၊ နိုင်ငံတစ်ဝန်း ထောက်ခံပွဲများ တပြိုင်နက်တည်း ကျင်းပမည်

၆။ မြောက်ဦးတိုက်ပွဲ ဒဏ်ရာရဒေသခံကို ကူညီသူတို့ အပစ်ခံရ

၇။ သီပေါမြို့နယ် နိုင်ငံခြားခရီးသွား ၂ ဦး မိုင်းနင်းမိ တဦးသေ၊ တဦး ဒဏ်ရာရ

၈။ မွန်ပြည်သစ်ပါတီ ဂျပန်ရေတွင်းစခန်းကို တပ်မတော်နှင့်ကရင် BGF တပ်ဖွဲ့တို့ဝင်ရောက်လာသဖြင့် တိုက်ပွဲဖြစ်ပေါ်၍ ရွာသားများ ထိုင်းနိုင်ငံဘက်သို့ထွက်ပြေး

၉။ အခြေခံမဲစာရင်း ကောက်ထားမှုအရ လာမည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ၌ မဲပေးနိုင်သူဦးရေ ၃၇ သန်းကျော်ရှိပြီး တပ်မတော်သားများနှင့် ၎င်းတို့အတူနေ မိသားစုစာရင်း ပါဝင်မှုမရှိသေး

၁၀။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သဘောတူညီချက်ကို RCSS လက်မှတ်ရေးထိုး

၁၁။ ICJ ကိစ္စ ကွန်ဖန်းရှင်းပါ ပြဌာန်းချက်အတိုင်း လိုက်နာအကောင်အထည်ဖော်ရန် လိုအပ်ဟု KNU ပြော

၁၂။ မတူပီမှ လူငယ်ခြောက်ဦး ထောင်ဒဏ် ၄ နှစ်ခွဲစီ ချခံရသည့်အမှု ပြည်နယ်အဆင့်တွင် အယူခံပြန်ဝင်မည်

၁၃။ တောင်သူပိုင် မြေယာအပေါ် အုတ်တံတိုင်းခတ်မှု သက်ဆိုင်ရာက ညှိနှိုင်းပေးစေလို

၁၄။ စစ်ပဋိပက္ခနယ်မြေတွင် အကြမ်းဖက်ခံရသည့် အမျိုးသမီးများ တရားမျှတမှု မရရှိသေး

၁၅။ ကားတွင် တရုတ်နိုင်ငံအလံတပ်၍ ဝိုင်းမော်မြို့သို့ မောင်းလာသော တရုတ်နိုင်ငံသားကို ဖမ်းဆီး၊ နယ်စပ်ဂိတ် တာဝန်ကျ ဝန်ထမ်းများကို မြို့ခံများဝေဖန်

၁၆။ မြောက်ပိုင်းသုံးဖွဲ့၏ လုပ်ဆောင်ချက်များပေါ် မူတည်ပြီး ငြိမ်းချမ်းရေးဆွေးနွေးရေးကိစ္စ ဆုံးဖြတ်မည်

၁၇။ တပ်မတော်နှင့် AA တိုက်ပွဲအပြင်းအထန်ဖြစ်နေ၊ မြောက်ဦးတွင် အရပ်သား ၁ ဦး လက်နက်ကြီးကျည်ထိ၍ သေဆုံး

၁၈။ လေးကေ့ကော်တွင် နီပွန်က အိမ်အလုံး ၂၀၀ ဆောက်လုပ်လှူဒါန်း

၁၉။ အိန္ဒိယနိုင်ငံ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပိတ်ဆို့မှုကြောင့် မြန်မာပြည်တွင်းကုန်သည်များ အခက်ကြုံ

၂၀။ နန်ကျင်စီးပွားရေးဇုန်အတွင်း ဒေသခံများကို ကျူးကျော်အဖြစ်သတ်မှတ်မှု တိကျသည့်အဖြေလိုချင်

၂၁။ လျှပ်စစ်ဝန်ကြီးကို သီပေါမြို့နယ် ဒေသခံများ ရှာဝင်မခံ၊ ဆန္ဒပြ

၂၂။ နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့ ဖွဲ့စည်း၊ တပ်မတော်အရာရှိနှစ်ဦး ပါဝင်ဟုဆို

၂၃။ ကြားဖြတ်သန်းခေါင်စာရင်း ဇန်နဝါရီ ၂၈ ရက် နောက်ဆုံးထားကောက်ယူမည်

၂၄။ ပလက်ဝမြို့နယ် တုံးမဝကျေးရွာထဲသို့ လက်နက်ကြီးကျည်ပေါက်ကွဲ ရွာသား (၃) ဦးဒဏ်ရာရရှိ

၂၅။ နမ္မတူမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွား

၂၆။ ကရင်နီလူငယ် ၆ ဦးကို ထောင်ဒဏ် ထပ်တိုးရေး တရားရုံးသို့ ပြည်နယ်အစိုးရ ပြင်ဆင်ချက်တက်

***********

## ၁။ မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံတော်သမ္မတနှင့် အတိုင်ပင်ခံတို့ နိုင်ငံတော် အဆောင်အယောင်တို့ဖြင့် မဲဆွယ်နိုင်

November. 27. 2019

လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးရေးကာလ၌ နိုင်ငံတော်သမ္မတနှင့် အတိုင်ပင်ခံ တို့ကို နိုင်ငံတော်မှ ပေးအပ်ထားသော အသုံးအဆောင်များနှင့် မဲဆွယ်စည်းရုံးနိုင်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။
နိုဝင်ဘာ ၂၇ ရက်နေ့က နေပြည်တော်ရှိ ရွေးကောက်ပွဲ ကော်မရှင်ရုံးတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်တစ်ဦးရဲ့ မေးမြန်းမှုအပေါ် ရွေးကောက်ပွဲကော်မရှင်က ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

"ဒါက နိုင်ငံတော်ရဲ့ ငွေကြေး ပစ္စည်း မြေပြင် အဆောက်အဦယာဉ်တွေကို နိုင်ငံအကျိုးအတွက် ဆောင်ရွက် သလို တရားဝင်ရရှိထားတဲ့ သူတွေဆိုလို့ရှိရင် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်တယ်လို့ပြောထားတယ်။ ဆိုတော့ နိုင်ငံတော်သမ္မတတို့ ၊နိုင်ငံတော်အတိုင်ပင်ခံတို့ကို ပေးအပ်ချီးမြှင့်ထားတဲ့ကားတို့ မော်တော်ကားပေါ့။ ဒါ သူတို့ အတွက် လုံခြုံရေးအတွက် နိုင်ငံတော်ကနေ စီစဉ်ပေးထားတာ။ ဆိုတဲ့အခါကျတော့ သူတို့ရဲ့ လုံခြုံရေး အတွက် စီစဉ်ထားတဲ့ ကိစ္စကို ဒါကိုဥပဒေအရ မလုပ်ရဘူးလို့ တားမြစ်ထားတာ မရှိပါဘူး။ တခြားကားကိုသာ ပြောင်းစီးရ မယ်လို့ ဒါနိုင်ငံတော်ရဲ့လုံခြုံရေး နိုင်ငံတော်က စီမံပေးထားတာ။ အဲ့တော့ သမ္မတနဲ့နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်သူရဲ့ လုံခြုံရေး ဒီကားတွေပဲ သူတို့ သွားရမယ်။ ဒီလူတွေနဲ့ စောင့်ရှောက်ရမယ် ဥပဒေအရ အပ်နှင်းထားတဲ့ အခါကျတော့ ဒါတွေကို မသုံးရဘူးလို့ ပိတ်ပင်ထားတာ မရှိပါဘူး။" ဟု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် က ပြောသည်။

ပြီးခဲ့တဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလပိုင်းတွင် ကျင်းပခဲ့ပြီး လာမယ့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲကို မည်သည့်လတွင် ကျင်းပသွားမည်ကို ကော်မရှင်မှ ပြောကြားထားခြင်း မရှိသေးပေ။ http://www.mizzimaburmese.com/article/63559

***********

## ၂။ မွန်ပြည်သစ်တပ်တည်စခန်းကို တပ်မတော်မှ အင်အားအလုံးအရင်းဖြင့်ဝင်ရောက်လာခြင်းသည် NCA စာချုပ်ချိုးဖောက်သည်ဟု မွန်ပြည်သစ်ပါတီပြော

November. 27. 2019

ထိုင်းမြန်မာနယ်စပ် နယ်နိမိတ်ကိစ္စကိုအကြောင်းပြု၍ မွန်ပြည်သစ်ပါတီတပ်တည်စခန်း ဂျပန်ရေတွင်းရွာသို့ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်မှ အင်အားအလုံးအရင်းဖြင့်ဝင်ရောက်ခြင်းလာခြင်းသည် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် NCA ကို ချိုးဖောက်သည်ဟု မွန်ပြည်သစ်ပါတီက ပြောသည်။

မွန်ပြည်သစ်ပါတီ စစ်ဦးစီးချုပ် ဗိုလ်ချုပ်လယီကောင်းက " ကျနော်တို့တပ်ဖွဲ့အတွက် တပ်တည်ခွင့်ပြုထားတဲ့နေရာကို အခုလိုအလုံးအရင်းနဲ့အင်အားသုံးပြီး ဝင်ရောက်လာတာဟာ NCA စာချုပ်ကို ချိုးဖောက်တာဖြစ်တယ်၊ အပစ်ရပ်သဘောတူညီချက်အရ ကျနော်တို့ခွင့်ပြုမှသာ ကျနော်တို့ရေိယာထဲကို ဝင်လို့ရမယ်၊ ခွင့်ပြုချက်မရှိဘဲ အတင်းဝင်လာရင် အောက်ခြေမှာ ထိတွေ့ပစ်ခတ်မှုတွေက ဖြစ်လာမှာပဲ" ဟု ပြောသည်။

ယင်းသို့ပစ်ခတ်မှုဖြစ်ပေါ်ခဲ့ပြီးနောက် ကရင်နယ်ခြားစောင့်တပ်ဖွဲ့ BGF ထပ်မံရောက်ရှိလာရာ ဂျပန်ရေတွင်း ရွာအခြေစိုက် မွန်ပြည်သစ်ပါတီ ဘုရားသုံးဆူမြို့နယ်ရုံး(အမှတ် ၅ တပ်ရင်း၊ တပ်ခွဲရုံး) ကို ဝင်ရောက်တိုက်ခိုက်ပြီး မွန်းလွဲ ၂ နာရီအချိန်ခန့်တွင် ဘောလုံးကွင်းနေရာအပါအဝင် ရွာရေိယာထက်ဝက်နီးပါးခန့်ကို တပ်မတော်မှ ထိန်းချုပ်ထားသည်ဟု သတင်းရရှိသည်။

နဝတအစိုးရနှင့် မွန်ပြည်သစ်ပါတီ ၁၉၉၅ ခုနှစ် အပစ်ရပ်သဘောတူညီချက်၊ သမ္မတဦးသိန်းစိန်အစိုးရ လက်ထက်တွင် မွန်ပြည်သစ်ပါတီတို့ ပြည်နယ်အဆင့်/ပြည်ထောင်စုအဆင့် ၂၀၁၂ ခုနှစ် သဘောတူညီချက်၊ ၂၀၁၈ ခုနှစ်က မွန်ပြည်သစ်ပါတီ NCA လက်မှတ်ရေးထိုးစဉ် ယခင်သဘောတူညီချက်များအား ပြန်လည်အတည်ပြု ချက်အရ ဂျပန်ရေတွင်းရွာသည် မွန်ပြည်သစ်ပါတီ၏ အမြဲတမ်းတပ်တည်ခွင့်ပြုထားသည့်နေရာဖြစ်ကြောင်း သိရသည်။ http://burmese.monnews.org/2019/11/27/%e1%80%99%e1%80%bd%e1%80%94%e1

***********

## ၃။ နမ့်ဆန်မြို့နယ် စစ်ရှောင် ပြည်သူများ စားနိုပ်ရိက္ခာပြတ်လပ်မှုရင်ဆိုင်နေရ

November. 25. 2019

သျှမ်းပြည် မြောက်ပိုင်း နမ့်ဆန်မြို့နယ်အတွင်း စစ်ရှောင်ပြည်သူများ စားနပ်ရိက္ခာပြတ်လပ်မှု ရင်ဆိုင်နေရကြောင်း သတင်းရရှိသည်။

နမ့်ဆန်မြို့နယ် အတွင်း နိုဝင်ဘာ ၁၁ ရက်နေ့မှ စတင်ကာ ယနေ့ထိ တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားကာ စစ်ဘေးရှောင် ၁ ထောင်ကျော် ထွက်ပြေး တိမ်းရှောင်နေရသည်။

အဆိုပါ စစ်ဘေးရှောင်များသည် နမ့်ဆန်မြို့နယ် ခေနင်း၊ ကျောက်ဖြူလေး၊ မန်ခေါက်ကျေးရွာ နှင့် ခေးကွဲ ကျေးရွာ တို့တွင် ခိုလှုံနေရကြောင်း သတင်းရရှိသည်။

" စားနပ်ရိက္ခာကတော့ပြတ်နေပြီ။ နောက် ကလေးငယ်တွေ အသက်ကြီးတဲ့သူတွေ နေမကောင်းကြဘူး။ ကလေးတွေက ဝမ်းလျှောတာတွေရှိတယ်။ လူက ၇၀၀ ကျော်တော့ နေစရာတွေခက်၊ အိမ်သာတွေ အဆင်မပြေဘူး" ဟု ကျောက်ဖြူလေး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောလိုင် က သျှမ်းသံတော်ဆင့် သို့ ပြောသည်။

သျှမ်းပြည် မြောက်ပိုင်း နမ့်ဆန်ဒေသခံပြည်သူများသည် လက်ဖက်လုပ်ငန်းသာ တပိုင်တနိုင်လုပ်ကိုင်ကြပြီး၊ တိုက်ပွဲများ၊ မြေမြှုပ်မိုင်းများကြောင့် လက်ဖက်လုပ်ငန်း ရပ်ဆိုင်းထားရကာ လူငယ်များ ပြည်ပ နိုင်ငံသို့ အလုပ်အကိုင်သွားရောက် လုပ်ကိုင်နေရကြောင်း သိရသည်။ https://burmese.shannews.org/archives/14745

**********

## ၄။ သစ်သျှူးငှက်ပျောခြံသုံး ပိုးသတ်ဆေးကြောင့်ချောင်းရေအတွင်း ငါးများ စုပြုံသေဆုံးနေ

November. 20. 2019

ပိုင်းမော်မြို့နယ် ဖုန်တန်ယန်အုပ်စု ဝါရာယန်ကျေးရွာအတွင်း သစ်သျှူးငှက်ပျောခြံသုံး ဓာတုပိုးသတ်ဆေးကြောင့် ချောင်းရေအတွင်း ငါးများ အစုအပြုံလိုက် သေဆုံးမှု ဖြစ်ပွားနေကြောင်း ဒေသခံများ ပြောပါသည်။

နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဝါရာဝန်ကျေးရွာအနီး ငှက်ပျောခြံ ကုမ္ပဏီလုပ်သားများက ဒေသခံများ သောက်သုံးနေသည့် 'အင်ဂမ့်ခ' (N Gam Hka) ချောင်းအတွင်း ပိုးသတ်ဆေးသုံးကာ ငါးဖမ်းခဲ့သဖြင့် ယနေ့ ၄ ရက်ခန့်အကြာအထိ ငါးများအဆက်မပြတ် သေဆုံးနေသည်ဟု မျက်မြင်ဒေသခံ ဦး Ndau Tu Lum ကချင်သတင်းဌာန KNG ကို ပြောပါသည်။

"ဒေသခံတွေက ဒီလိုလုပ်ရပ်တွေ လုပ်မှာမဟုတ်ဘူး။ ကျနော်တို့သွားကြည့်တော့ ချောင်းအနီးတဝိုက် အသုံးပြုထားတဲ့ ဆေးပူးတွေ တွေ့ရတယ်။ ငါးတွေလည်း အကြီးအသေး အစုလိုက်အပြုံလိုက် အားလုံးသေကြတယ်။ ဒီချောင်းကို သောက်သုံးတယ်။ နောက် ကျွဲ၊ နွား တိရိစ္ဆာန်တွေလည်း ဒီရေဘဲ သောက်ကြတယ်။ အဲ့ကြောင့် အခုဆိုရင် တစ်ရွာလုံးစိုးရိမ်နေကြပြီ။" ဟု ပြောဆိုသည်။

ဝါရာယန်ကျေးရွာ အိမ်ခြေ ၄၀ ကျော်က အဆိုပါ ချောင်းကို သောက်သုံးရေအဖြစ် အသုံးပြုနေသဖြင့် ယခုအဖြစ်အပျက်ကိုလည်း သက်ဆိုင်ရာမှ အမြန် လာရောက်စစ်ဆေးမှုများ ပြုလုပ်ပေးရန် ဒေသခံ ဦး Maran La Nu ယခုလို ပြောဆိုထားသည်။

သစ်သျှူးငှက်ပျောစိုက်ခင်းကြောင့် ချောင်းရေအတွင်း ငါးအစုလိုက်အပြုံလိုက်သေဆုံမှုသည် ယခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့ ပိုင်းမော် အောင်မြေ ၂ ကျေးရွာတွင်လည်း ဖြစ်ပွားခဲ့ပါသည်။ https://burmese.kachinnews.com/2019/11/20/%e1%80%9e%e1%80%85%e1%80%ba%e1%80%

## ၅။ ဘားအံ ဒေါ်အောင်ဆန်းစုကြည် ထောက်ခံပွဲအတွက် စစ်ဗိုလ်ချုပ် ၃ ဦးနှင့် ဓာတ်ပုံကို ပိုစတာအဖြစ် စတင်အသုံးပြု၊ နိုင်ငံတစ်ဝန်း ထောက်ခံပွဲများ တပြိုင်နက်တည်း ကျင်းပမည်

November. 27. 2019

ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ တရားရုံး ICJ တွင် မြန်မာနိုင်ငံကို အမှုစတင်စစ်ဆေးမည့် ဒီဇင်ဘာလ ဆန်းပိုင်းတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထောက်ခံပွဲများ တစ်နိုင်ငံလုံး ကျင်းပသွားမည်ဖြစ်ပြီး ဘားအံမြို့တွင် ပြုလုပ်ရန်ရှိနေသည့် ဗီနိုင်းကြော်ငြာအတွက် စစ်ဗိုလ်ချုပ် ၃ ဦးနှင့် ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံကို ထောက်ခံပွဲ ပိုစတာအဖြစ် စတင်အသုံးပြုနေပြီဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်မြို့တွင် ဒေါ်အောင်ဆန်းစုကြည် ထောက်ခံပွဲကို ဒီဇင်ဘာ ၁၀ ရက်နေ့ နံနက် ၁၀ နာရီ မြို့တော်ခန်းမရှေ့တွင်လည်းကောင်း၊ မန္တလေးမြို့တွင်လည်း ထောက်ခံပွဲကို ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့တွင် ထောက်ခံပွဲကို ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်ခေတ်သစ်က စုံစမ်းသိရှိရသည်။

"အခုပွဲက ပါတီဘက်ကရော ပြည်သူတွေရော အကုန်ပေါင်းလုပ်တဲ့သဘောပဲ။ ဒါက အရေးကြီးလို့ပါ " ဟု ရန်ကုန်ပွဲ ပါဝင်မည့် ကားဝယ်ရောင်းအကျိုးဆောင်တစ်ဦးက ရန်ကုန်ခေတ်သစ်သတင်းဌာနသို့ ပြောဆိုသည်။

အစ္စလမ်နိုင်ငံများ အဖွဲ့ဟု ခေါ်ဆိုသည့် OIC အဖွဲ့ ကိုယ်စား ဂမ်ဘီယာနိုင်ငံက နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခြင်းရှိ၊ မရှိ ICJ တရားရုံးထံသို့ တိုင်ကြား တရားစွဲဆိုလိုက်ခြင်းဖြစ်ပြီး ယင်းစွဲဆိုမှုကြောင့် ICJ အဖွဲ့ဝင် နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် စုံစမ်းစစ်ဆေးမှုများ ခံရမည်ဖြစ်သည်။
https://www.khitthitnews.com/2019/11/%e1%80%98%e1%80%ac%e1%80%b8%e1%80%a1%

***********

## ၆။ မြောက်ဦးတိုက်ပွဲ ဒဏ်ရာရဒေသခံကို ကူညီသူတို့ အပစ်ခံရ

November. 27. 2019

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် ကျောင်းတောင်ကျေးရွာအနီးမှာ တပ်မတော်နဲ့ AA အဖွဲ့တို့တိုက်ပွဲပြင်းထန်နေပြီး ဒီနေ့မနက်က ရွာသားတစ်ဦး ပစ်ခတ်ခံရလို့ ဆေးရုံကို အရေးပေါ် ပို့ဆောင်လိုက်ရပါတယ်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် လေးမြို့မြစ်အရှေ့ဘက်ကမ်း ကျောင်းတောင်ကျေးရွာမှာ အသက် ၃၂ နှစ်အရွယ် ကိုသိန်းထွန်းကျော်ဟာ မနက် ၁၀ နာရီလောက်မှာ ချည်ထားတဲ့နွားကိုလွှတ်ဖို့ သွားရာမှာ ကျည်ဆန်ထိမှန်ခဲ့တာပါ။ ကျည်ဆန်က သူ့ယာဘက်ပေါင် ဖောက်ဝင်သွားတယ်၊ မြောက်ဦးဆေးရုံကို ပို့ဆောင်လိုက်ရတယ်လို့ သူ့ရဲ့ အဒေါ် ဒေါ်ခင်အေးကြည်က ပြောပြပါတယ်။ ရွာအနီးမှာ ဒီနေ့မနက် ၆ နာရီကျော်အချိန်လောက်ကစပြီး နှစ်ဘက်တိုက်ပွဲတွေ ပြင်းထန်နေတာကြောင့် ကိုသိန်းထွန်းကျော်ကို ပစ်တာ ဘယ်အဖွဲ့ရဲ့ လက်ချက်ဆိုတာကို တိတိကျကျသိဖို့ ခဲယဉ်းတယ်လို့ မိသားစုဝင်တွေနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောပါတယ်။

ရခိုင်ပြည်နယ်မှာ အရပ်သား ထိခိုက်သေဆုံးတာတွေဟာ တစ်နေ့ထက်တစ်နေ့ များပြားလာနေပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလကနေ အခုလက်ရှိအချိန်အထိ သေဆုံးတဲ့ အရပ်သား ၉၀ ကျော်နဲ့ ထိခိုက်ဒဏ်ရာရသူ အရေအတွက်ဟာ ၁၄၀ ကျော်လောက်အထိ ရှိနိုင်တယ်လို့ ဒေသခံတွေက ခန့်မှန်းကြပါတယ်။ https://www.rfa.org/burmese/news/army-and-aa-attack-at-mrauku-rakhine-11272019071910.html

************

## ၇။ သီပေါမြို့နယ် နိုင်ငံခြားခရီးသွား ၂ ဦး မိုင်းနင်းမိ တဦးသေ၊ တဦး ဒဏ်ရာရ

November. 26. 2019

သျှမ်းပြည် မြောက်ပိုင်း သီပေါမြို့နယ်တွင် ယနေ့ ညနေ ၅ နာရီ ၌ နိုင်ငံခြား ခရီးသွား အမျိုးသား ၂ ဦး မိုင်းနင်းမိကာ တဦး သေဆုံးပြီး ၊ တဦး ဒဏ်ရာရရှိကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ သီပေါမြို့နယ် ပန်ညောင်ကျေးရွာ နှင့် ကွန်ဟောက်ကျေးရွာကြားတွင် ကမ္ဘာလှည့် ခရီးသွား ၂ ဦးသည် ဆိုင်ကယ်ဖြင့် သွားလာရင်း မိုင်းနင်းမိကာ တဦးသေဆုံးပြီး ၊ တဦး ဒဏ်ရာရရှိကြောင်း နယ်စည်းမခြား ပရဟိတ (သီပေါ) မှ ကိုမျိုး က သျှမ်းသံတော်ဆင့် သို့ ပြောသည်။

သျှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် နှင့် သီပေါမြို့နယ်အတွင်း မြန်မာ့တပ်မတော် နှင့် တိုင်းရင်းသား လက်နက်ကိုင်များ လှုပ်ရှားသည့်နေရာဖြစ်ပြီး မြေမြှုပ်မိုင်းများစွာ ရှိကြောင်းသိရသည်။ https://burmese.shannews.org/archives/14757

***********

## ၈။ မွန်ပြည်သစ်ပါတီ ဂျပန်ရေတွင်းစခန်းကို တပ်မတော်နှင့်ကရင် BGF တပ်ဖွဲ့တို့ဝင်ရောက်လာသဖြင့် တိုက်ပွဲဖြစ်ပေါ်၍ရွာသားများထိုင်းနိုင်ငံဘက်သို့တွက်ပြေး

November. 27. 2019

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ချုပ်ဆိုထားသော မွန်ပြည်သစ်ပါတီ တပ်တည်စခန်းတစ်ခုဖြစ်သည့် ဂျပန်ရေတွင်းရွာနှင့်အနီးပတ်ဝန်းကျင်တဝိုက်ကို တပ်မတော်နှင့် ကရင်နယ်ခြားစောင့် ပူးပေါင်းတပ်ဖွဲ့တို့ ယနေ့တွင် ဝင်ရောက်လာသဖြင့် တိုက်ပွဲဖြစ်ပေါ်၍ ဒေသခံရွာသားများ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးနေရကြောင်း သတင်းရရှိသည်။

"လောလောဆယ် ဒုက္ခသည်အရေအတွက် ဘယ်လောက်ရှိသလဲဆိုတာ စာရင်းအတိအကျမရနိုင်သေးဘူး၊ ဒီဂွတ်ချ (မီးသွေးဖို) ဘုန်းကြီးကျောင်းတစ်နေရာမှာပဲ ၅၀၀ ထက်မနည်းရှိပါလိမ့်မယ်၊ ဝင်းကတို့ စံခလယ်တို့ဘက်ကိုလည်း ရောက်သွားတာလည်း မနည်းလှဘူး၊ ဘုရားသုံးဆူဘက်မှာလည်း ရှိသေးတယ်၊ သူတို့အတွက် အစားအသောက်နဲ့ နေရေးထိုင်ရေးအဆင်ပြေဖို့ အရင်ဦးစားပေးဆောင်ရွက်နေရတယ်" ဟု ဝင်းကရွာ အကူအညီပေးရေးအဖွဲ့မှ နိုင်အောင်ပိုင်က ပြောသည်။

ထိုင်းအာဏာပိုင်တို့က အဆိုပါ စစ်ဘေးရှောင်ထွက်ပြေးလာသူများကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး ဒေသခံလူမှုအဖွဲ့အစည်းများက လိုအပ်သောအကူအညီများ ဆောင်ရွက်ပေးလျက်ရှိသည်ဟု ၎င်းကဆိုသည်။ http://burmese.monnews.org/2019/11/27/%e1%80%99%e1%80%bd%e1%80%94%e1%80%ba

***********

## ၉။ အခြေခံမဲစာရင်း ကောက်ထားမှုအရ လာမည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ၌ မဲပေးနိုင်သူဦးရေ ၃၇ သန်းကျော်ရှိပြီး တပ်မတော်သားများနှင့် ၎င်းတို့အတူနေ မိသားစုစာရင်းပါဝင်မှုမရှိသေး

November. 28. 2019

အခြေခံမဲစာရင်း ကောက်ထားမှုအရ လာမည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ၌ မဲပေးနိုင်သူဦးရေ ၃၇ သန်းကျော်ရှိပြီး တပ်မတော်သားများနှင့် ၎င်းတို့အတူအနေမိသားစု စာရင်း ပါဝင်မှုမရှိသေးကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတို့၏ အခြေခံမဲစာရင်း ကောက်ယူထားမှုအရ လာမည့်ရွေးကောက်၌ မဲပေးနိုင်သူဦးရေ ၃၇ သန်းကျော်ရှိပြီး အမျိုးသားဦးရေ ၁၇ သန်းကျော်နှင့် အမျိုးသမီးဦးရေ ၁၉ သန်းကျော်ရှိကြောင်း သိရသည်။

"အခြေခံမဲစာရင်းဦးရေက ကျားက ၁၇ သန်းကျော်။ မ က ၁၉ သန်းကျော် ရှိပါတယ်။ တိုးလာတဲ့ ဦးရေကတော့ သုံးသန်းကျော်လောက် ရှိတာပေါ့။ တပ်မတော်သားတွေနဲ့ အတူနေမိသားစုတွေလည်း မပါသေးဘူး။ သူကတော့ ရွှေ့တာ၊ ပြောင်းတာဆိုတော့ သင့်တော်တဲ့အချိန်နဲ့ နီးကပ်လာရင်တော့ ရပြီပေါ့။ ထပ်ပြီးတော့ စိစစ်ကောက်ယူလို့ ရလာရင်လည်းပဲ ဒါအပြောင်းအလဲ ရှိသွားနိုင်တယ်" ဟု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ပြောကြားသည်။

၂၀၂၀ ရွေးကောက်ပွဲအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ မှတ်ပုံတင်ထားသည့် ပါတီစုစုပေါင်း ၉၆ ပါတီ ရှိသော်လည်း ဖျက်သိမ်းရပ်ဆိုင်းထားသည့် ပါတီ သုံးပါတီ၊ ပါတီ တည်ထောင်ခွင့် စိစစ်ဆဲ သုံးပါတီနှင့် မှတ်ပုံတင်ခွင့် စိစစ်ဆဲ နှစ်ပါတီရှိပြီး ပါတီမှတ်ပုံတင်လျှောက်ထားသည့်ရက်ကို ဒီဇင်ဘာလကုန်အထိ သတ်မှတ်ထားကြောင်း သိရသည်။ https://news-eleven.com/article/147382

**********

## ၁၀။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သဘောတူညီချက်ကို RCSS လက်မှတ်ရေးထိုး

November. 27. 2019

သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ၊ သျှမ်းပြည် တပ်မတော်( RCSS/SSA) သည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သဘာတူညီချက် ကို လက်မှတ်ရေးထိုး လိုက်ကြောင်း သတင်းရရှိသည်။

" သျှမ်းပြည်ဟာ လမ်းတွေပြတ်တောက်ပြီး ဒေသခံတွေ အနိုင်ကျင့်ခံရတာလည်းကြာပါပြီ။ သျှမ်းလူမျိုးတွေ လူ့အခွင့်အရေးချိုးဖောက်ခံရတာ နေရပ်ကနေ ထွက်ပြေးရတာ။ ဘယ်နေရာမှ ခိုလှုံလို့မရဘူး။ အခုတော့ တံခါးပိတ်ရမယ့် အချိန်မဟုတ်တော့ဘူး။ Geneva call နဲ့ပူးပေါင်းပြီး တံခါးဖွင့်လိုက်တာပါ" ဟု RCSS/SSA ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ယွက်စစ် ပြောကြားသည်။ " လူငယ်တွေ ၁၈ နှစ် မပြည့်ရင် စစ်သားမလုပ်ဖို့။ မိမိဆန္ဒအလျောက် ကလေးတွေ စစ်မှုထမ်းဖို့ ဝင်လာရင်လည်း ဒါကိုသေချာရှင်းပြရမယ်။ မိဘ အိမ်ပြန်ဖို့ပြောရမယ်" ဗိုလ်ချုပ်ကြီး ယွက်စစ်က ပြောသည်။

ကရင်အမျိုးသားအစည်းအရုံး KNU ကမူ ၂၀၁၃ ခုနှစ် ဂျူလိုင်လ ၂၄ ရက်ကလည်းကောင်း ၊ ချင်းအမျိုးသားတပ်ဦး CNF က ၂၀၁၄ ခုနှစ် မတ်လ ၂၀ ရက်နေ့ကလည်းကောင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် PNLO က ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက် ကလည်းကောင်း အသီးသီး Geneva call စာချုပ်လက်မှတ်ရေးထိုးခဲ့ကြသည်။ https://burmese.shannews.org/archives/14762

**********

## ၁၁။ ICJ ကိစ္စ ကွန်ဖန်းရှင်းပါပြဌာန်းချက်အတိုင်းလိုက်နာအကောင်အထည်ဖော်ရန်လိုအပ်ဟု KNU ပြော

November. 27. 2019

လက်ရှိမြန်မာအစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)တွင် အမှုရင်ဆိုင်သွားမည့် ကိစ္စရပ်အပေါ် အခြေခံ၍ ကွန်ဗန်းရှင်းပါ ပြဌာန်းချက်အတိုင်း လိုက်နာအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း KNU- ကရင်အမျိုးသားအစည်းအရုံး က ပြောဆိုလိုက်သည်။

" အခုကျနော်တို့ကြားတာက အစိုးရကသွားမယ်။ ICJ နဲ့ပတ်သက်ပြီးသွားဖြေရှင်းမဲ့အပေါ်မှာတော့ ကျနော်တို့ကြိုဆိုတယ်။ သူတို့ ဒီအပေါ်မှာ သဘောတူလက်ခံပြီး သွားရောက် ဖြေရှင်းမဲ့အပေါ်မှာ အစိုးရရဲ့ တာဝန်ယူမှု တာဝန်ခံမှုကို ကျနော်တို့ မြင်ရတာပေါ့။ ဒါပေမဲ့ တစ်ဆက်ထဲမှာပဲ ပြစ်မှုကျူးလွန်တဲ့သူတွေအပေါ်မှာလည်း သူတို့အနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသွားဖို့လည်း လိုအပ်တယ်" ဟု ကေအိုင်စီသို့ ပြောသည်။

မြန်မာနိုင်ငံ၏ ဥပဒေပြန်ဌာန်းချက်များထဲတွင် လူ့အခွင့်အရေးစံချိန်စံညွှန်းများကို ပြန်လည် ဆန်းစစ်ရန် လိုအပ်ပြီး နိုင်ငံတကာမှ ပြဌာန်းထားသည့် စံချိန်စံညွှန်း နှင့် မည်မျှကိုက်ညီမှုရှိကြောင်းကို ပြန်လည်ဆန်း စစ်ရန်လိုအပ်ကြောင်းလည်း ပဒိုစောတာဒိုမူးက ဆက်ပြောသည်။

မြန်မာနိုင်ငံကို ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသည့်လူမျိုးစုအပေါ် ဖိနှိပ်ဆက်ဆံမှုများကို ဆယ်စုနှစ် ပေါင်းများစွာ ပြုလုပ်ခြင်း၊ လူမျိုးစုများ၏ တရားဝင်ရပိုင်ခွင့်များအပေါ်ပေးရန် ငြင်းဆန်ခြင်း၊ ၎င်းတို့အပေါ် ဆန့်ကျင်သည့် အမုန်းတရားများကို ဝါဒဖြန့်ခြင်း အစုအဖွဲ့တစ်ခုအနေဖြင့် ပစ်မှတ်ထား၍ အစုလိုက်အပြုံလိုက် လူမျိုးတုံးသတ်ဖြတ်ခြင်း စသည့် စွပ်စွဲချက်များဖြင့် ဂမ်ဘီယာ နိုင်ငံက တရားစွဲဆိုထားခြင်းဖြစ်သည်။

ICC အမှုကို ဘင်္ဂလာဒေ့ရှ် နိုင်ငံမှ တရားလိုပြု တိုင်တန်းထားခြင်းဖြစ်ပြီး အာဂျင်တီးနားနိုင်ငံတရားရုံး၌မူ ရိုဟင်ဂျာလူ့အခွင့်အရေးအဖွဲ့နှင့် သောမတ်အိုဟေး ကင်တားနားတို့ ဦးဆောင်ပြီး တရားစွဲဆိုထားခြင်းဖြစ်သည်။ http://kicnews.org/2019/11/icj-%e1%80%80%e1%80%ad%e1%80%85%e1%81%a5

**********

## ၁၂။ မတူပီမှ လူငယ်ခြောက်ဦး ထောင်ဒဏ် ၄နှစ်ခွဲစီချခံရသည့်အမှုပြည်နယ်အဆင့်တွင် အယူခံပြန်ဝင်မည်

November. 21. 2019

၂၀၁၉ ဖေဖော်ဝါရီလ ၂၀ ရက် မတူပီမြို့တွင်ကျင်းပခဲ့သည့် ချင်းအမျိုးသားနေ့တွင် ဖြစ်ပွားခဲ့သည့် ရုန်းရင်းဆန်ခတ်ဖြစ်မှုတွင် ပါဝင်သည်ဟု ယူဆရသူ လူငယ် ၆ ဦးအား ထောင်ဒဏ် ၄ နှစ်ခွဲစီ ချမှတ်ခဲ့သည့် အမှုအား ပြည်နယ်အဆင့်တွင် အယူခံပြန်ဝင်မည်ဟု အဆိုပါအမှုကိုတာဝန်ယူပေးသူ တရားလွှတ်တော်ရှေ့နေ ဦးပိုင်ဆာ့ခ် မှ ပြောသည်။

"အမှုခင်းအနေအထားက ကလေးတစ်ချို့က အမှုအခင်းဖြစ်တဲ့ချိန်မှာ မပါဘူးပေါ့ဗျာ၊ အဲဒါကြောင့် တစ်ချို့ကလေးတွေက လွတ်သင့်တယ်၊ တစ်ချို့ကလေးတွေပါတာ ရှိကောင်းရှိနိုင်တယ်၊ ဒါပေမယ့် ပစ်ဒဏ်ချမှတ်တာကြီးလေးတယ်ပေါ့၊ အခုက သက်သာအောင်ပြင်ဆင်ပေးဖို့ အယူခံတက်တာပေါ့လေ၊ ဒါကတော့ ပြည်နယ်တရားရုံးကနေ ပြန်သုံးသပ်တာပေါ့၊ အခုချိန်မှာတော့ တရားရုံးမှာ ရှိနေသေးတဲ့အတွက် ဘယ်သူမှားတယ် ဘယ်သူမှန်တယ် ပြောလို့မရသေးပါဘူး" ဟု တရားလွှတ်တော်ရှေ့နေ ဦးပိုင်ဆာ့ခ်မှ ပြောသည်။ အခင်းဖြစ်စဉ်မှာ မတူပီမြို့ ဗိုလ်တိုက်ချွန်းခန်းတွင်ကျင်းပခဲ့သည့် (၇၁)နှစ်မြောက်ချင်းအမျိုးသားနေ့ အခန်းအနားအတွင်း ပြည်သူတစ်ချို့နှင့် ရဲတပ်ဖွဲ့ဝင်အချို့ ရုံးရင်းဆန်ခတ် ခိုက်ရန်ဖြစ်ပွားခဲ့ပြီး ပြည်သူပိုင် ပစ္စည်းအချို့ပျက်စီးသွားခဲ့ခြင်းကြောင့် လူငယ် ၆ ဦးအား သံသယ ဖြစ်တရားခံဟုဆိုကာ ဖမ်းစီးသွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါဖြစ်ရပ်ကြောင့် ဖမ်းစီးခံရသည့် လူငယ်များမှာ မတူပီမြို့မှ ကိုအာဘောင်း (၂၃ နှစ်)၊ ကိုဆောမ့်ထန် (၁၉ နှစ်)၊ ကိုထန်ထဲန် (၂၅ နှစ်) တတိယနှစ် (သမိုင်း)၊ ကိုဗျက်ထန် (၂၃)၊ ကိုထက်နိုင်ဦး (၁၉ နှစ်) ပထမနှစ် (သမိုင်း) နှင့် ကိုရိန်ဆန်းလျန် (၂၁ နှစ်)တို့ (၆) ဦးဖြစ်ပီး အောက်တိုဘာ ၁၀ ရက်နေ့တွင် မတူပီတရားရုံးမှ ထောင်ဒဏ် လေးနှစ်ခွဲစီကျခံရန် အမိန့်ချမှတ်ခဲ့သည်။ https://www.chinworld.org/2019/11/21/matupi-youth-arrest-case/

***********

## ၁၃။ တောင်သူပိုင် မြေယာအပေါ် အုတ်တံတိုင်းခတ်မှု သက်ဆိုင်ရာက ညှိနှိုင်းပေးစေလို

November. 27. 2019

လွိုင်ကော်မြို့ ၊ မြို့ပြင်နေရာတွင် တပ်မတော်ကနေ ခြံစည်းရိုးများ တည်ဆောက်ရန် လုပ်ဆောင်လာသည့်အပေါ် တောင်သူများက စိုးရိမ်နေသည့်အတွက် သက်ဆိုင်တဲ့ အစိုးရနဲ့ ဌာနဆိုင်ရာတွေကို ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း အမည်မဖော်လိုသူ တောင်သူတစ်ဦးကပြောပါတယ်။

၎င်းက "ရွာသားတွေလဲလိုက်လာပြီးတော့ တားသေးတယ်။ မရဘူး။ လုံခြုံရေးတွေကလည်း အပြည့်ချထားတယ်။ ခဏလေးစောင့်ပါအုံး သက်ဆိုင်ရာထွေအုပ်တို့ကို စောင့်ပါအုံးပြောတာလည်းမရဘူး အုတ်တံတိုင်းချဖို့ လုပ်နေတယ်။" ဟု ပြောပါသည်။

၎င်းနေရာကို ၁၉၉၁/၉၂ ခုနှစ်တွင် တပ်မြေအဖြစ် လျာထားခဲ့တာကြောင့် မည်သည့်သီးနှံမှ စိုက်ပျိုးခြင်းမရှိခဲ့ပေ။ တပ်ဖက်ကလည်း ၎င်းမြေကို အသုံးပြုခဲ့ခြင်းမရှိတာကြောင့် လစ်လပ်နေသည့်မြေကို ဒေသခံများက ပြန်လည်စွန့်လွှတ်ပေးရန် တောင်းဆိုထားသည်။

လက်ရှိတွင် ၎င်းမြေများကို စစ်တပ်မှပြန်လည်စွန့်လွှတ်ပေးရန်အတွက် လူ့အခွင့်အရေးကော်မရှင်၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ စသည်တို့တွင် တိုင်ကြားထားသည်။ ၎င်းမြေယာသည် လွိုင်ကော်မြို့နယ် မြေနီကုန်း၊ ထေးပလော်ရွာ၊ ကြတ်ရွာ၊ ၃ မိုင်လွယ်တမူ၊ ဒေါမူကလားကျေးရွာရှိ ဒေသခံတောင်သူများ၏ ၃၁၆.၂၈ ဧကခန့် ပါရှိသည်ဟု သိရသည်။ https://www.bnionline.net/mm/news-69415

**********

## ၁၄။ စစ်ပဋိပက္ခနယ်မြေတွင်အကြမ်းဖက်ခံရသည့်အမျိုးသမီးများ တရားမျှတမှု မရရှိသေး

November. 26. 2019

စစ်ပဋိပက္ခ နယ်မြေအတွင်း အကြမ်းဖက်ခံရသည့် အမျိုးသမီးများ တရားမျှတမှုရရှိရန် ခက်ခဲနေသေးကြောင်း သိရသည်။ စစ်ပဋိပက္ခအတွင်း ဖြစ်ပွားသည့် အကြမ်းဖက်မှု အခြေအနေများကို တရားမျှတမှုရရှိစေရန် နှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် များရပ်တန့်ပေးရန်လည်း အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

" တရားမျှတမှုရရှိရေး ပြစ်ဒဏ်ကင်းလွတ်ခွင့်များ ရပ်တန့်ပေး" ဆောင်ပုဒ်ဖြင့် အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်ကျရောက်သည့် နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ အနေဖြင့် သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် ကျင်းပသည်။

ထိုအခမ်းအနားကို လားဟူ အမျိုးသမီး အဖွဲ့အစည်း၊ သျှမ်း အမျိုးသမီး ရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း (SWAN) ၊ မိတ်ဖက် အဖွဲ့အစည်း ဖြစ်သည့် ကျိုင်းတုံ လူငယ်စင်တာတို့ နှင့် ပူးပေါင်းကာ အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

WLB သည် " တရားမျှတမှုရရှိရေး ပြစ်ဒဏ်ကင်းလွတ်ခွင့်များ ရပ်တန့်ပေး" ဟူသည့် ဆောင်ပုဒ်နှင့် အညီ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရန်၊ တရားမျှတမှု ရရှိရန်၊ ပြည်တွင်းစစ် ရပ်တန့်ရန်၊ စစ်မှန်သည့် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရန် နှင့် ကျား၊ မ တန်းတူရေးမှတဆင့် ဆက်လက်ကြိုးစားသွားမည် ဟုလည်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။ https://burmese.shannews.org/archives/14749

## ၁၅။ ကားတွင် တရုတ်နိုင်ငံအလံတပ်၍ ဝိုင်းမော်မြို့သို့ မောင်းလာသော တရုတ်နိုင်ငံသားကို ဖမ်းဆီး၊ နယ်စပ်ဂိတ်တာဝန်ကျ ဝန်ထမ်းများကိုမြို့ခံများဝေဖန်

November. 27. 2019

ကုန်တင်ကားရှေ့ဘက်တွင် တရုတ်နိုင်ငံအလံတပ်၍ ဝိုင်းမော်မြို့သို့ မောင်းနှင်ဝင်ရောက်လာသော တရုတ်နိုင်ငံသားတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားပြီး အမှုဖွင့်စစ်ဆေးနေကြောင်း ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာန ဝန်ကြီးဦးဇော်ဝင်းကပြောသည်။

အသက် (၅၀) အရွယ်ခန့် တရုတ်နိုင်ငံသားတစ်ဦးက တစ်သျှူးငှက်ပျောတင်ရာတွင် အသုံးပြုသည့် တွဲကား၏ ရှေ့မျက်နှာစာ၌ တရုတ်အလံကပ်၍ မောင်းနှင်လာသောကြောင့် ဖမ်းဆီးခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်သည် နိုဝင်ဘာ ၂၆ ရက်က ဖြစ်ခဲ့ပြီး တရုတ်နိုင်ငံသားကို အရေးယူနိုင်ရေး ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ရသည်ဟု ဝိုင်းမော်မြို့နယ် လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းက ၎င်း၏ လူမှုကွန်ရက်တွင် ရေးသားထားသည်။

ယဉ်ထိန်းရဲတပ်ဖွဲ့ရော မြို့နယ်ဥပဒေအရာရှိကပါ အရေးယူ၍မရကြောင်း မှတ်ချက်ပေး၍ ပြည်နယ်အဆင့်သို့ တင်ပြခဲ့ပြီးနောက် ၁၉၄၇ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၄(၁)/၁၃(၁) အရ ဆက်လက် အရေးယူဆောင်ရွက်ခဲ့ကြောင်း ရေးသားထားသည်။

တရားစွဲဆိုထားသောအမှုသည် အာမခံပေး၍မရဘဲ ပြစ်မှုထင်ရှားပါက ထောင်ဒဏ်တစ်နှစ် နှင့် ဒဏ်ငွေကျပ်တစ်သိန်းအထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထား သည်။ https://www.7daydaily.com/%E1%80%80%E1%80%AC%E1%80%B8%E1%80%90%E1%80%BD

**********

## ၁၆။ မြောက်ပိုင်းသုံးဖွဲ့၏ လုပ်ဆောင်ချက်များပေါ် မူတည်ပြီး ငြိမ်းချမ်းရေးဆွေးနွေးရေးကိစ္စ ဆုံးဖြတ်မည်

November. 27. 2019

တပ်မတော်အနေဖြင့် မြောက်ပိုင်းမဟာမိတ်လက်နက်ကိုင် သုံးဖွဲ့ဖြစ်သည့် ရက္ခိုင်အဖွဲ့ AA ၊ တအာင်းအဖွဲ့ TNLA နှင့် ကိုးကန့်အဖွဲ့ MNDAA တို့၏ လုပ်ဆောင်ချက်အပေါ်မူတည်ပြီး ငြိမ်းချမ်းရေးဆွေးနွေးရန် ကိစ္စများကို စဉ်းစားဆုံးဖြတ်သွားမည်ဟု တပ်မတော်ဘက်က ပြောဆိုလိုက်သည်။

နိုဝင်ဘာ ၂၄ ရက်နေ့က နေပြည်တော်စစ်သမိုင်းပြတိုက်တွင် ပြုလုပ်ခဲ့သည့် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်ပြီး အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"လက်နက်ခဲယမ်းဖမ်းဆီးရမိတာတွေလည်း တွေ့ထားပြီ။ နောက်သူတို့ရဲ့ လုပ်ဆောင်နေမှုတွေလည်း မြင်နေတာပဲ သိနေတာပဲ။ အဲ့အတွက်တော့ ဒီကိစ္စတွေက သူတို့ရဲ့ ငြိမ်းချမ်းရေးအပေါ်မှာ လိုလားတဲ့ဆောင်ရွက်မှုပေါ့။ သူတို့ရဲ့ ပြည်သူအပေါ်မှာ ဗဟိုပြုဘယ်လောက်စဉ်းစားသလဲဆိုတဲ့အပေါ်မှာပဲ ကျွန်တော်တို့ စဉ်းစားရမှာပဲဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့တော့ သူတို့ဆောင်ရွက်မှုအပေါ်မှာပဲ အဓိကထားပြီး ကျွန်တော်တို့ စဉ်းစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီကိစ္စကျတော့ ကျွန်တော်တို့က သူတို့ဘာကိုလိုချင်တာလဲ ၊ဘာကိုဖြစ်ချင်တာလဲ ဆိုတာလေးတွေ အပေါ်မှာ ကျွန်တော်တို့ ပြန်ပြီးစဉ်းစားနေတာရှိပါတယ်" ဟု တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦးက ပြောသည်။ https://www.bnionline.net/mm/news-69432

***********

## ၁၇။ တပ်မတော်နှင့် AA တိုက်ပွဲအပြင်းအထန်ဖြစ်နေ၊ မြောက်ဦးတွင် အရပ်သား ၁ ဦး လက်နက်ကြီးကျည်ထိ၍ သေဆုံး

November. 28. 2019

ရခိုင်တပ်မတော် AA နှင့်တပ်မတော်တို့အကြား တိုက်ပွဲများ အပြင်းအထန် ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ယမန်နေ့ ညပိုင်းက မြောက်ဦးမြို့နယ်တွင် အရပ်သား ၁ ဦး လက်နက်ကြီးကျည်ထိမှန်၍ ကွယ်လွန်သွားကြောင်း မြောက်ဦးမြို့နယ်မှ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်က ပြောဆိုသည်။

နိုဝင်ဘာ ၂၆ ရက်နေ့ ညနေ ၅ နာရီ ၃၀ ခန့်ကတည်းက မြောက်ဦးမြို့နယ်၊ ကျောင်းတောင်ကျေးရွာအနီး (၂) ဖက် တပ်ဖွဲ့များကြား တိုက်ပွဲများအပြင်းအထန် ဖြစ်ပွားခဲ့ပြီး နိုဝင်ဘာ ၂၇ ရက်နေ့ နံနက် (၉) နာရီခန့်တွင် မြောက်ဦးမြို့ နယ်၊ ကျေးတောင်ရွာသား ဦးသိန်းထွန်းကျော်(အသက် ၃၂ နှစ်) လက်နက်ကြီးကျည်ထိမှန်၍ ပြင်းထန်စွာ ဒဏ်ရာ ရရှိခဲ့ကြောင်း ၎င်းက ဆိုသည်။

"မနေ့က ဒဏ်ရာရသွားတဲ့ ကျေးတောင်ရွာသား ဆုံးသွားပါပြီ။ ကျနော့်ကို ဖုန်းဆက်ပြီးတော့ အသိပေးပါတယ်။ ရရှိတဲ့ ဒဏ်ရာတွေနဲ့ပဲ ကွယ်လွန်သွားတာပါ" ဟု လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်က ဆိုသည်။

AA တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ နိုဝင်ဘာလ (၂၇)ရက်နေ့တွင် မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ မြေပုံ ၊ ပလက်ဝမြို့နယ် များ၌ တိုက်ပွဲများဆက်လက်ရှိနေခဲ့ပြီး တပ်မတော်က ရဟတ်ယာဉ်များအသုံးပြု၍ တိုက်ခိုက်နေကြောင်း သတင်း ထုတ်ပြန်ထားသည်။ https://www.khitthitnews.com/2019/11/%e1%80%90%e1%80%95%e1%80%ba%e1%80%99%

***********

## ၁၈။ လေးကေ့ကော်တွင် နီပွန်က အိမ်အလုံး ၂၀၀ ဆောက်လုပ်လှူဒါန်း

November. 27. 2019

မြဝတီမြို့မှ ၉ မိုင်ခန့်ကွာဝေးသည့် လေးကေ့ကော် မြို့သစ်တွင် ဂျပန်နိုင်ငံ၊ နီပွန်ဖောင်ဒေးရှင်းက အိမ်အလုံး ၂၀၀ ဆောက်လုပ်လှူဒါန်းရာ အိမ်ရာအပ်နှံခြင်း အခမ်းအနားကို ယနေ့(နိုဝင်ဘာ ၂၇ ရက်)တွင် လေးကေ့ကော် အထက် တန်းကျောင်း ခန်းမ၌ ပြုလုပ်ခဲ့သည်။

လေးကေ့ကော်မြို့သစ်၊ စီမံခန့်ခွဲရေးကော်မတီ၊ ဥက္ကဋ္ဌစောဒွေးမြင့်အောင်က “ ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းက လေးကေ့ကော်မှာ တိုက်ပွဲရှောင်ပြည်သူများအတွက် ဘက်စုံဒေသဖွံ့ဖြိုးရေး စီမံကိန်းအနေနဲ့ အိမ်ရာတွေ တည်ဆောက်လှူဒါန်းတာပါ။ ၂၀၁၈ မှာ အိမ်အလုံး ၁၀၀ နဲ့ အခု ဒုတိယအကြိမ် အိမ်အလုံး ၁၀၀ ကို ဆောက်လုပ်ပြီး စီးအပ်နှံခဲ့ပြီး ဖြစ်တယ်” ဟု ပြောသည်။

လေးကေ့ကော်မြို့သစ်သည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် မြို့စတင်တည်ထောင်ခဲ့ပြီး မြဝတီမြို့ တောင်ဘက် ၉ မိုင်ခန့်အကွာတွင် တည်ရှိသည်။

အဆိုပါမြို့သစ်တွင် နီပွန်ဖောင်ဒေးရှင်းက ဆောက်လုပ်ထားသည့် နေအိမ်အလုံးရေ ၂၀၀၊ နယ်စပ်ဒေသ တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး(န.တ.လ) စီမံချက်ဖြင့် နေအိမ်အလုံး ၂၇၅ လုံး နှင့် အခြားနေအိမ် ၃၁၁ လုံးရှိကာ စစ်ဘေးရှောင်များ၊ ဒုက္ခသည်များ၊ ရွှေ့ပြောင်းလုပ်သားများ အပါအဝင် အိမ်ထောင်စု ၇၈၆ စုမှ လူဦးရေ ၃,၁၉၉ ဦး နေထိုင်လျက်ရှိကြောင်း သိရသည်။ http://kicnews.org/2019/11/%e1%80%b1%e1%80%9c%e1%80%b8%e1%80%b1%e1

***********

၁၉။ **အိန္ဒိယနိုင်ငံ နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်း ပိတ်ဆို့မှုကြောင့် မြန်မာပြည်တွင်း ကုန်သည်များ အခက်ကြုံ**

November. 26. 2019

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ရေးလမ်းဖြစ်သည့် ကလေး – ရိဒ် လမ်းကြောင်း အိန္ဒိယနိုင်ငံ နယ်စပ်ဂိတ် ပိတ်ဆို့မှုကြောင့် မြန်မာဖက်ခြမ်းမှ ကုန်သည်များ အခက်ကြုံနေကြောင်း သိရသည်။

ထိုကဲ့သို့ တစ်ဖက်နိုင်ငံမှ နယ်စပ်ဂိတ်ပိတ်ဆို့မှုသည် ပြည်နယ်အစိုးရအနေဖြင့် ဖြေရှင်းပေးနိုင်ရန်ခက်ခဲပြီး ပြည်ထောင်စုအဆင့်ကသာ ဖြေရှင်းပေးနိုင်ကြောင်း ချင်းပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ စည်ပင်ဝန်ကြီး ဦးစိုးထက်ကပြောသည်။

ဝန်ကြီး ဦးစိုးထက်က “ကျွန်တော်တို့ သတင်းရထားတဲ့ သတင်းကတော့ အိန္ဒိယနိုင်ငံဖက်က စစ်တိုင်းမှူးတွေလာဖို့ အစီအစဉ်ရှိတယ်။ အဲဒါကြောင့် ဂိတ်ကို နှစ်ရက်ပိတ်မယ်လို့သိထားတယ်။ အခုအနောက်ပိုင်းအခြေအနေကိုတော့ အသေးစိတ်မစုံစမ်းရသေးဘူး။ ဒီဖက်က ပို့တဲ့ကုန်တွေနဲ့ ဟိုဖက်ကလက်ခံတဲ့နေရာမှာ အခွန်ကောက်မှုတွေ သိပ်အဆင်မပြေဘူးထင်တယ်။ ကျွန်တော်တို့ဖက်ကတော့ တရားဝင် ကုန်သွယ်ရေးလုပ်တာပဲ။ ဒီကိစ္စလိုမျိုးမှာ ဆိုးဆိုးရွားရွားဖြစ်ရင်တော့ ပြည်ထောင်စုကို တင်ပြရမှာပေါ့” ဟုပြောသည်။

အိန္ဒိယ – မြန်မာနှစ်နိုင်ငံကြား အဓိက ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် စစ်ကိုင်းတိုင်း ကလေးမြို့မှ ချင်းပြည်နယ်အတွင်းရှိ နယ်စပ်မြို့ ရိခေါဒါရ်တို့ကြား ကုန်သွယ်မှုများကို ဇူလိုင်လ ကတည်းက ပိတ်ပင်ထားကြောင်းသိရသည်။ https://www.chinworld.org/2019/11/26/%e1%80%a1%e1%80%ad%e1%80%94%e1%80%

**********

## ၂၀။ နန်ကျင်စီးပွားရေးဇုန်အတွင်းဒေသခံများကို ကျူးကျော်အဖြစ်သတ်မှတ်မှုတိကျသည့်အဖြေလိုချင်

November. 22. 2019

ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တရုတ်နိုင်ငံတို့ကြားပူးပေါင်းဆောင်ရွက်မည့် နန်ကျင်ဘက်စုံ စီးပွားရေးဇုန်အတွင်းရှိ ဒေသခံများ၏ နယ်မြေများကို ကျူးကျော်အဖြစ်သတ်မှတ်မှုကို တိကျရှင်းလင်းစွာချပြရန် ဒေသခံများ တောင်းဆိုနေကြပါသည်။

မြစ်ကြီးနား စီးပွားရေး ဖွံ့ဖြိုးရေးဇုန် စီမံကိန်း ဘက်စုံပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီ (MEDZC) နှင့် တရုတ်နိုင်ငံ ယူနန်ထိန်ချုံးဟိန်ယုံ ရင်နှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက် (YTHIC)တို့ ဖော်ဆောင်မည့် မြစ်ကြီးနားမြို့ အနောက်မြောက်ဘက် ၈ မိုင်ခန့်အကွာ ပြည်ထောင် ကြိုးပိုင်း လီဒိုလမ်းမကြီးပေါ်ရှိ နန်ကျင်ကျေးရွာအုပ်စုတွင် ပြုလုပ်ရန် မြေဧက ၄၇၀၀ ကို အသုံးပြုမည်ဟု သိရပါသည်။

စီမံကိန်းနယ်မြေ လျော်ကြေးများကို ဗဟိုမှခွင့်ပြုသူ(၄) ဦး နှင့် ဒေသအာဏာပိုင် (၂) ဦး ကိုသာ နစ်နာကြေးပေးမည်ဖြစ်ပြီး တောင်ယာအတွင်း ကျူးကျော်စိုက်ပျိုးထားသည့် ကျန်ရှိဒေသခံ ၈၀ ဦးခန့်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာလ ၁၅ ရက်နေ့ နန်ကျင်ကျေးရွာ သတ်မှတ်ဇုန်သို့ နိုင်ငံတော်ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူ လာရောက်ခဲ့စဉ် ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာဝန်ကြီး ဦးဝေလင်း မှ ရှင်းပြခဲ့သည်ကို တွေ့ရပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးမရသေးသရွေ့ ကချင်ပြည်နယ်အတွင်း အကြီးစားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ရပ်ဆိုင်းထားရန် ကချင်နိုင်ငံရေးပါတီ ဖြစ်သော Kachin State People's Party KSPP မှ လွန်ခဲ့သည့် လ တွင် သဘောထားထုတ်ပြန်ထားသည်ကို တွေ့ရပါသည်။ https://burmese.kachinnews.com/2019/11/22/%e1%80%94%e1%80%94%e1%80%ba%e1%80%

***********

## ၂၁။ လျှပ်စစ်ဝန်ကြီး ကို သီပေါမြို့နယ် ဒေသခံများ ရွာဝင်မခံ၊ ဆန္ဒပြ

November. 25, 2019

" ရေကာတာ တည်ဆောက်မှု အလိုမရှိ" " အထက်ရဲရွာ ရေကာတာ တည်ဆောက်မှု ရပ်တန့်ပေး" ဆိုသည့် သျှမ်းဘာသာဖြင့်ကြွေးကြော်နေကြသည်။

ထိုကြွေးကြော်မှုသည် နိုဝင်ဘာ ၂၅ ရက် မနက်ပိုင်း သျှမ်းပြည် မြောက်ပိုင်း သီပေါမြို့နယ်အတွင်း နမ္မတူမြစ်ပေါ် တည်ဆောက်မည့် အထက်ရဲရွာ ရေကာတာကြောင့် ပြောင်းရွှေ့ခံရမည့် တာလုံကျေးရွာ ဒေသခံ ၃၀၀ ကျော် က ဆိုင်းဘုတ်ကိုယ်စီ ကိုင်ကာ ကန့်ကွက် ဆန္ဒပြသည်။

ယမန်နေ့က ရေကာတာတည်ဆောက်ရေး နှင့် စပ်လျဉ်းပြီး လျှပ်စစ်စွမ်းအင်ဝန်ကြီး ဦးစိုင်းဆိုင်တစ်လုံ နှင့် အဖွဲ့သားများက ဒေသခံများနှင့် တွေ့ဆုံရန် လာရောက်စဉ်တွင် ဒေသခံများက ကျေးရွာအတွင်း အဝင်မခံခဲ့ပေ။

ကျေးရွာကို အဝင်မခံသည့်အတွက် ဦးစိုင်းဆိုင်တစ်လုံ က “ ကျနော်တို့ကို ကောင်းကောင်းမွန်မွန်ကြိုဆိုရမယ့် အစား ဆန္ဒပြနေကြတယ်။ အဲ့ကြောင့်မလို့ ကျနော်တို့က မကူညီနိုင်တာ” ဟု ဒေသခံများနှင့် အငြင်းပွားမှု ခေတ္တ ဖြစ်ပွားခဲ့ပြီးနောက်ပြောဆိုခဲ့သည်။

ထို့ပြင် အထက်ရဲရွာ ရေကာတာ စီမံကိန်းကို ရပ်တန့်ရန်အတွက် ဒေသခံများက ၂၀၁၄ ခုနှစ်မှ စတင်ကာ ပြောဆို ခဲ့သော်လည်း ပြည်သူလူထု အသံကိုမည်သူမှ နားမထောင်ခဲ့ကြောင်းလည်း တာလုံကျေးရွာပြည်သူများက ပြောဆို လိုက်သည်။ “ ကျမတို့ အသံတွေကို ဘယ်သူမှ နားမထောင်ကျဘူး။ ပြည်သူ့အသံတွေ လွှတ်တော်ထဲ သယ်ပြီး မပြောဆိုကြဘူး” ဟု တာလုံကျေးရွာ ဒေသခံ အမျိုးသမီး တဦးက ပြောသည်။ https://burmese.shannews.org/a rchives/14739

*********

## ၂၂။ နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာအထူးအဖွဲ့ ဖွဲ့စည်း၊ တပ်မတော်အရာရှိနှစ်ဦး ပါဝင်ဟုဆို

November. 27. 2019

နိုင်ငံတော်သမ္မတရုံးသည် နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာအထူး အဖွဲ့ (Special Unit on International Criminal Justice)ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း ယမန်နေ့တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတကာ ရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာကိစ္စများကိုဖြေရှင်းဆောင်ရွက်နိုင်ရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုး တက်စေရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဥပဒေကြောင်းအရအကြံပြုနိုင်ရန် အထက်ပါအထူးအဖွဲ့ကို ဖွဲ့စည်း ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

အဆိုပါအထူးအဖွဲ့ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဦး ဆောင်မည်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် စစ်ဥပဒေချုပ်ရုံးတို့မှ ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားသည်ဟု ဆက်လက်ဖော်ပြသည်။

အထူးအဖွဲ့တွင်ပါဝင်သည့် ဥပဒေပညာရှင်အရေအတွက်ကို ထုတ်ပြန်ချက်၌ဖော်ပြခြင်း မရှိသော်လည်း တပ်မ တော်က အရာရှိကြီးတစ်ဦးနှင့် အရာရှိတစ်ဦး စုစုပေါင်းနှစ်ဦး ပါဝင်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြား ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ပြောသည်။

တပ်မတော်အစိုးရလက်ထက်နှင့် သမ္မတဦးသိန်းစိန်လက်ထက်တို့တွင် နိုင်ငံတကာနှင့် ဥပဒေကြောင်းအရ ပြောဆို ရပါက နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိများကို သုံးသပ်စေခြင်းမျိုး လုပ်ဆောင်လေ့ရှိပြီး ပြည်သူ လူထုသိရှိရန် ထုတ်ပြန်ခြင်းမျိုး မပြုလုပ်ကြောင်း ပြန်ကြားရေးဝန်ကြီးဟောင်း ဦးရဲထွဋ် က ပြောသည်။ https://www.7daydaily.com/%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA

**********

## ၂၃။ ကြားဖြတ်သန်းခေါင်စာရင်းဇန်နဝါရီ ၂၈ ရက် နောက်ဆုံးထား ကောက်ယူမည်

November. 27. 2019

ကြားဖြတ်သန်းခေါင် စာရင်းကို ဇန်နဝါရီ ၂၈ ရက် နောက်ဆုံးထား ကောက်ယူမည် ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောသည်။

ကြားဖြတ်သန်းခေါင်စာရင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအား လေးသုတ်ခွဲ ကောက်ယူရန် စီစဉ်ထားပြီး ပထမအသုတ်ဖြစ်သည့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ နေပြည်တော်ကောင်စီ (ပြည်ထောင်စုနယ်မြေ)တို့တွင် ကောက်ယူနေသည်။

အဆိုပါ ကြားဖြတ်သန်းခေါင်စာရင်းကို ဒုတိယသုတ်အဖြစ် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာ ၁၁ ရက်မှ ၂၄ ရက်အထိ၊ တတိယသုတ်ဖြစ်သည့် ပဲခူး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့၌ ၂၀၂၀ ဇန်နဝါရီ ၂ ရက်မှ ၁၅ ရက်အထိ၊ စတုတ္ထသုတ်ဖြစ်သည့် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီ ၁၅ မှ ၂၈ ရက်အထိ ကောက်ယူမည်ဖြစ်သည်။ ယင်းကြားဖြတ်သန်းခေါင် စာရင်း ပင်မအစီရင်ခံစာကို ၂၀၂၀ စက်တင်ဘာတွင် ထုတ်ပြန်နိုင်ရန် လျာထားကြောင်း ပြည်သူ့အင်အားဝန်ကြီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်က ပြောသည်။ https://www.7da ydaily.com/%E1%80%80%E1%80%BC%E1%80%AC%E1%80%B8%E1%80%96

***********

## ၂၄။ ပလက်ဝမြို့နယ် တုံးမဝကျေးရွာထဲသို့ လက်နက်ကြီးကျည်ပေါက်ကွဲ ရွာသား (၃) ဦးဒဏ်ရာရရှိ

November. 28. 2019

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် တုံးမဝကျေးရွာအနီး မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် နိုဝင်ဘာ ၂၄ ရက်နေ့ ည ၁၁ နာရီကျော်တွင် ကျေးရွာအတွင်း လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ရွာသားသုံးဦးဒဏ်ရာရရှိခဲ့ကြသည်ဟုသိရသည်။

အဆိုပါလက်နက်ကြီးကျည်ကျမှုကြောင့် တုံးမဝကျေးရွာမှ အသက် (၁၂) နှစ်အရွယ် မထက်ထက်မြင့်၊ အသက် (၄၂) နှစ်ရွယ် ဦးသောကြာအောင်နှင့် အသက် (၄၂) နှစ်အရွယ် ဦးကျော်သိန်း ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပလက်ဝမြို့ ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူနေကြောင်း ဦးသောကြာအောင်၏ ညီတော်စပ်သူ ဦးအောင်ကျော်ကပြောသည်။

"လက်နက်ကြီးကျတာက ဦးကျော်သိန်းရဲ့အိမ်မှာပေါ်မှာကျတာပါ၊ အိမ်းနီးနားခြင်းဖြစ်တဲ့ ဦးသောကြာအောင်နဲ့ သူ့သမီးလည်း ထိသွားတာတာ ဦးကျော်သိန်းဆိုတဲ့သူက နည်းနည်းတော့ စိုးရိမ်စရာဖြစ်နေတယ်" ဟု ဦးအောင်ကျော်က ပြောသည်။ အဆိုပါလက်နက်ကြီးကျည်ဆံသည် ဘယ်တပ်ဖွဲ့မှပစ်ခတ်လိုက်သည့် ကျည်ဆံဖြစ်သည်ကိုမူ ခန့်မှန်းလို့မရကြောင်း ဦးအောင်ကျော်ကပြောသည်။ https://www.bnionline.net/mm/news-69444

************

## ၂၅။ နမ္မတူမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွား

November 28, 2019

သျှမ်းပြည် မြောက်ပိုင်း နမ္မတူမြို့နယ် မန်စံကျေးရွာအနီးတွင် ယနေ့( နိုဝင်ဘာ ၂၈) ရက် မနက် ၈ နာရီ မှစတင်က တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ယနေ့ မနက် ၈နာရီတွင် မြန်မာ့တပ်မတော်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ( RCSS/SSA) တို့ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း မန်စံ ဒေသခံများ ပြောပြချက် အရသိရသည်။

" ဒီနေ့ မနက် ၈ နာရီ ကစ သေနတ်သံကြားရတယ်။ နေ့လည် ၁၁ နာရီ ကျော်မှာတော့ အသံတိတ်သွားတယ်။ ကျနော်တို့ကြားတာကတော့ RCSS/SSA နဲ့ မြန်မာ့တပ် ဖြစ်တယ်လို့ကြားတယ်" ဟု မန်စံ ဒေသခံ တဦးဖြစ်သည် စိုင်းစောလှ က ပြောသည်။

အဆိုပါ တိုက်ပွဲဖြစ်ပွားသည့် မန်ဝါကျေးရွာ နှင့် နားဟန်းကျေးရွာတွင် တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော်(TNLA)နှင့် ( RCSS/SSA) တို့ လှုပ်ရှားသည့်နေရာဖြစ်ပြီး၊ ထိုနေရာသည် မန်စံကျေးရွာနှင့် ၄ မိုင်သာ ကွာဝေးကြောင်း စိုင်းစောလှ က ပြောသည်။

မြန်မာ့တပ်မတော် စစ်ယာဉ်တန်းများသည် ယခုလ ၂၆ ရက် မှစတင်ကာ လားရှိုးဘက်မှ နမ္မတူမြို့ဘက်သို့ တက်ကာ စစ်အင်အား တိုးချဲ့နေကြောင်းလည်း မန်စံဒေသခံများပြောသည်။ https://burmese.shannews.org/archives/14775

************

## ၂၆။ ကရင်နီလူငယ် ၆ ဦးကို ထောင်ဒဏ် ထပ်တိုးရေး တရားရုံးသို့ ပြည်နယ်အစိုးရ ပြင်ဆင်ချက်တက်

November. 28. 2019

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံရေး ပုဒ်မ ၁၀ ဖြင့် တရားစွဲခံခဲ့ရသည့် ကရင်နီလူငယ် ခြောက်ဦးအား မြို့နယ်တရားရုံးမှ ထောင်ဒဏ် ၆ လ ချမှတ်မှုအပေါ် မကျေနပ်သောကြောင့် ကယားပြည်နယ် အစိုးရမှ ခရိုင်တရားရုံးသို့ ပြင်ဆင်ချက် ထပ်တက်ထားသည်ဟု ကရင်နီလူငယ် ခူးကြူးဖဲကေးက မဇ္ဈိမသို့ ပြောသည်။

နိုဝင်ဘာ ၂၇ ရက်နေ့က ထောင်အတွင်းမှ ငါးဦးကို ပြင်ဆင်ချက် တက်ခြင်းအား သိရှိကြောင်း လက်မှတ်ရေးထိုးခိုင်းခဲ့ကာ ခူးကြူးဖဲကေးအား လွိုင်ကော်ခရိုင်တရားရုံးတွင် လက်မှတ်ထိုးရန် ဆင့်ခေါ်ထားကြောင်းလည်း သိရသည်။

ကရင်နီလူငယ် ခူးကြူးဖဲကေးက "ကျွန်တော်တို့ကို (၆) လပဲချတာ ဝန်ကြီးချုပ်က မကျေနပ်ဘူး။ အဓိကတော့ ရွေးကောက်ပွဲပြီးတဲ့အထိ ကျွန်တော်တို့ကို ထောင်အချုပ်ထဲမှာ ရှိစေချင်တယ်ပေါ့။ ဆိုတော့ (၆)လပဲချတဲ့ကိစ္စ ကို ပြင်ဆင်ချက် ထပ်တက် ပါတယ် ခရိုင်မှာ " ဟု ပြောသည်။

Room 8, No.60, Insein Road, Block(9), Hlaing Township, Yangon. Ph: 0943094087, 09420222050
Email: journaloffederalism@gmail.com, Website: http://www.federaljournal.org

အထက်ပါ ကရင်နီလူငယ် ခြောက်ဦးသည် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကိစ္စနှင့် ပတ်သက်၍ ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် စီမံဘဏ္ဍာဝန်ကြီးတို့အား အမျိုးသားသစ္စာဖောက်ဟုဆိုကာ ကြေညာချက် ထုတ်ခဲ့သောကြောင့် ကယားပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား အစိုးရအဖွဲ့ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နောင်က နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံရေး ပုဒ်မ (၁၀)ဖြင့် တရားစွဲဆိုခံခဲ့သူများ ဖြစ်သည်။

ကရင်နီလူငယ်များအနေဖြင့် ဗိုလ်ချုပ်ကြေးရုပ်ကို နေရာရွှေ့ပေးစေလိုပါက သက်ဆိုင်ရာ ကြေးရုပ်စိုက်ထူသည့် အဖွဲ့ဖြင့်သာ အဓိကထား ဆွေးနွေးတောင်းဆိုကြရမည်ဖြစ်ကြောင်းလည်း ဒေါက်တာမျိုးညွှန့်ကပြောသည်။ http://www.mizzimaburmese.com/article/63579

မှတ်ချက်။ သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးထံမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

**** ပြီး ****